# ဒေါ်ခင်ကြည် – ဖောင်ဒေးရှင်း

အမှတ် (၅၄/၅၆)၊ တက္ကသိုလ်ရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။

၂၁ရက် နိုဝင်ဘာလ ၂၀၁၆ ခုနှစ်

ဒေါ်အောင်ဆန်းစုကြည်
ဥက္ကဌ
ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း

**အကြောင်းအရာ -၂၀၁၆ ခုနှစ် အောက်တိုဘာလအတွက် ရွေ့လျားစာကြည့်တိုက် တိုးတက်မှုအစီရင်ခံစာ**

၂၀၁၆ ခုနှစ် အောက်တိုဘာလအတွက် **ကော့မှူး၊ နေပြည်တော်၊ ကလော၊ နတ်မောက်၊ မြောင်းမြနှင့် အင်းစိန်**တို့တွင် ကျွန်ုပ်တို့၏ ရွေ့လျားစာကြည့်တိုက်လုပ်ငန်းလည်ပတ်မှု တိုးတက်မှုအစီရင်ခံစာကိုတင်ပြရခြင်းအတွက် ကျွန်ုပ်အနေဖြင့် ကျေနပ်ဝမ်းမြောက်ပါသည်။

## I. ကော့မှူးရွေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

### I.A အသင်းဝင်

အောက်တိုဘာလကုန်အထိ အသင်းဝင် (၁၈,၆၃၁) ဦးဖြစ်ပါသည်။
အသင်းဝင်နှုန်းထားသည် ၂၀၁၆ ခုနှစ် စက်တင်ဘာလမှနှုန်းထားနှင့်အတူတူဖြစ်သည်။

### I.B စာအုပ်ငှားရမ်းမှု

လက်ရှိတွင် ကော့မှူး၌ စာအုပ်စုစုပေါင်း (၂၆,၇၁၄)အုပ်ကိုစာရင်းပြုစုထားရှိပြီးငှားရမ်းလည်ပတ်လျှက်ရှိပါသည်။ ၂၀၁၆ အောက်တိုဘာလအတွင်းစာအုပ်ငှားရမ်းမှုမှာ(၅,၀၁၅) ကြိမ် ဖြစ်ပါသည်။

ထို့ကြောင့် ကော့မှူးတွင် ၂၀၁၆ စက်တင်ဘာလနှင့်စာလျှင် စာအုပ်ငှားရမ်းမှုမှာ ၂၇ % ကျဆင်းနေကြောင်းတွေ့ရှိရပါသည်။
အောက်တိုဘာလအတွင်း ကျောင်းသား/သူများ စာမေးပွဲဖြေဆိုနေရခြင်းနှင့် သီတင်းကျွတ်ကျောင်းပိတ်ရက်များကြောင့် ရွေ့လျားစာကြည့်တိုက်များတွင် စာငှားအနည်းငယ် ကျဆင်းနေခြင်းဖြစ်ပါသည်။

ကော့မှူးတွင်လုပ်ငန်းစတင်လည်ပတ်သော ၂၀၁၃ ခုနှစ် ဇူလိုင်လမှ ၂၀၁၆ ခုနှစ် အောက်တိုဘာလအထိ(၃ နှစ်ကျော်အတွင်း) စာအုပ်ငှားရမ်းမှု စုစုပေါင်း(၃၂၄,၈၁၅)ကြိမ်အထိရှိခဲ့ပါသည်။

တစ်လလျှင် စာအုပ်ငှားရမ်းလည်ပတ်မှု ပျမ်းမျှအရေအတွက်မှာ(၈,၅၄၈) ကြိမ်ဖြစ်ပြီးပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် (၁၂) ကြိမ် ပျမ်းမျှခြင်းအားဖြင့် ငှားရမ်းလည်ပတ်မှုရှိပါသည်။

အောက်ပါဇယားသည် ကော့မှူးရွှေ့လျားစာကြည့်တိုက်၏လောလောဆယ် လှည့်လည်ရောက်ရှိနေသည့်ကျေးရွာအရေအတွက်ဖြစ်ပါသည်။

| *လက်ရှိကျေးရွာများ*MBL - ကော့မှူး | |
|---|---|
| MBL - ဘတ်စ် ၁ | ရွာ ၂၀ |
| MBL -ဘတ်စ် ၂ | ၁၄ ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၁၆ ရွာ |
| ကျေးရွာစုစုပေါင်း | ရွာ ၅၀ |

## II.နေပြည်တော်ရွှေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

နေပြည်တော်လုပ်ငန်းလည်ပတ်မှုသည် ၂၀၁၆ အောက်တိုဘာလတွင်လည်းကောင်းမွန်လျက်ရှိပါသည်။ ထပ်ဆင့်ငှားဌာနခွဲများအပါအဝင် ကျေးရွာ ၆၁ ရွာသို့ လှည့်လည်ရောက်ရှိနေပါသည်။

### II.A အသင်းဝင်

နေပြည်တော်တွင် ၂၀၁၆ခုနှစ် အောက်တိုဘာလကုန်အထိ(၁၃,၁၅၈) ဦးအသင်းဝင်ရှိပါသည်။

၂၀၁၆ ခုနှစ် စက်တင်ဘာလနှင့်စာလျှင် အဖွဲ့ဝင်အရေအတွက် ၀.၅ %တိုးတက်မှုရှိပါသည်။

### II.B စာအုပ်ငှားရမ်းမှု

နေပြည်တော်ရုံးတွင် စာအုပ် (၁၇,၈၂၈)အုပ်ကိုငှားရမ်းလည်ပတ်လျက်ရှိပါသည်။ အောက်တိုဘာလအတွက် ငှားရမ်းမှုအကြိမ်မှာ(၃,၀၄၈) ဖြစ်သည်။ ထို့ကြောင့် ၂၀၁၆ စက်တင်ဘာလနှင့်စာပါကငှားရမ်းမှု ၁၇% ကျဆင်းနေကြောင်းတွေ့ရှိရပါသည်။ အောက်တိုဘာလအတွင်း ကျောင်းသား/သူများ စာမေးပွဲဖြေဆိုနေရခြင်းနှင့် သီတင်းကျွတ်ကျောင်းပိတ်ရက်များကြောင့် ရွှေ့လျားစာကြည့်တိုက်များတွင် စာငှားအနည်းငယ် ကျဆင်းနေခြင်းဖြစ်ပါသည်။

၃၂လ အတွင်းစာအုပ်ငှားရမ်းမှုအကြိမ် စုစုပေါင်း(၂၈၃,၆၉၈)ရှိပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှ ငှားရမ်းမှုအရေအတွက်မှာ(၈,၈၆၅) ကြိမ်ဖြစ်ပြီးပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် (၁၆)ကြိမ်ငှားရမ်းလည်ပတ်မှုရှိပါသည်။

နေပြည်တော် ရွှေ့လျားစာကြည့်တိုက်မှယခုလက်ရှိ ဝန်ဆောင်မှုပေးလျက်ရှိသည့် ကျေးရွာအရေအတွက်ကို အောက်တွင်ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ*MBL - နေပြည်တော် | |
|---|---|
| နေပြည်တော် | ၂၅ ရွာ |
| ပျဉ်းမနား | ၂၀ ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၁၆ ရွာ |
| ကျေးရွာစုစုပေါင်း | ၆၁ ရွာ |

## III.ကလေးရွှေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

စာအုပ် (၁၁,၅၀၄)အုပ် ငှားရမ်းလည်ပတ်လျှက်ရှိပါသည်။ စာကြည့်တိုက်များ၊ ရပ်ရွာထဲရှိအများပြည်သူစုဝေးရာနေရာများ၊ ဘဏ်များနှင့် ရုံးများအပါအဝင် နေရာ ၅၀ သို့လှည့်လည်ရောက်ရှိနေပါသည်။ ရွှေ့လျားစာကြည့်တိုက်ဘတ်စ်ကားများသည် ညောင်ရွှေ၊ ပင်းတယ နှင့် ရွာငံမြို့နယ်များသို့လည်းရောက်ပါသည်။ အသင်းဝင်ဦးရေမှာ (၉,၀၇၆) ဦးဖြစ်ပြီး၂၀၁၆ စက်တင်ဘာလနှင့်နှိုင်းယှဉ်လျှင် ၁ ရာခိုင်နှုန်း တိုးတက်လာပါသည်။

**<u>စာအုပ်ငှားရမ်းမှု</u>**

ကလော - (၃,၇၈၁) ကြိမ်

၂၀၁၆ ခုနှစ် စက်တင်ဘာလနှင့်နှိုင်းယှဉ်ပါကအောက်တိုဘာလတွင် စာအုပ်ငှားရမ်းမှုမှာ ၂၈%လျော့ကျသွားပါသည်။ အောက်တိုဘာလ အတွင်း ကျောင်းသား/သူများ စာမေးပွဲဖြေဆိုနေရခြင်းနှင့် သီတင်းကျွတ်ကျောင်းပိတ်ရက်များကြောင့် ရွှေ့လျားစာကြည့်တိုက်များတွင် စာငှားအနည်းငယ် ကျဆင်းနေခြင်းဖြစ်ပါသည်။

၂၀၁၅ ဖေဖော်ဝါရီမှ ၂၀၁၆ အောက်တိုဘာလအထိ (လ ၂၁ အတွင်း) စုစုပေါင်းစာအုပ် (၇၇,၈၇၈)ကိုငှားရမ်းခဲ့ပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှ စာအုပ်ငှားရမ်းမှုကြိမ်ရေမှာ ၃,၇၀၈ ဖြစ်ပြီးပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၆.၇၆ ကြိမ်ငှားရမ်းမှုရှိပါသည်။

| *လက်ရှိကျေးရွာများ*MBL - ကလော | |
|---|---|
| MBL - ဘတ်စ် ၁ | ၁၈ ရွာ |
| MBL - ဘတ်စ် ၂ | ၁၄ ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၁၈ ရွာ |
| ရွာစုစုပေါင်း | ရွာ ၅၀ |

## IV.နတ်မောက်ရွှေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

၂၀၁၆ အောက်တိုဘာလတွင် နတ်မောက်၌လုပ်ငန်းလည်ပတ်မှုကောင်းမွန်နေပါသည်။ လက်ရှိတွင် နတ်မောက်၌ စာအုပ်စုစုပေါင်း (၉,၁၀၁)ကိုစာရင်းပြုစုထားရှိပြီးငှားရမ်းလည်ပတ်လျှက်ရှိပါသည်။ ၂၀၁၆ စက်တင်ဘာလနှင့်နှိုင်းစာပါက အဖွဲ့ဝင်ဦးရေ ၉%တိုးလာပါသည်။

IV.A အသင်းဝင်

နတ်မောက် - (၈,၇၈၈)ယောက်

IV.B စာအုပ်ငှားရမ်းမှု

နတ်မောက် - ၂,၀၈၅ ကြိမ်

၂၀၁၆ စက်တင်ဘာလနှင့်နှိုင်းစာလျှင် စာအုပ်ငှားရမ်းမှု ၂၉%လျော့ကျသွားပါသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် လုပ်ငန်းစတင်ချိန်မှစကာ (၁၄ လအတွင်း) စုစုပေါင်းစာအုပ် (၅၃,၂၁၄)ကို ပြည်သူလူထုကငှားရမ်းခဲ့ပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှ စာအုပ်ငှားရမ်းမှုအကြိမ်ရေမှာ(၃,၈၀၁) ဖြစ်ပြီးပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၅.၈၄ ကြိမ်ငှားရမ်းရပါသည်။
နတ်မောက်မှ လက်ရှိစာအုပ်ငှားရမ်းလည်ပတ်မှုဆောင်ရွက်နေသောကျေးရွာအရေအတွက်ကိုအောက်တွင်ဖော်ပြထားပါသည်။

| *လက်ရှိကျေးရွာများ*MBL - နတ်မောက် | |
|---|---|
| MBL - ဘတ်စ် | ၂၅ ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၅ ရွာ |
| ကျေးရွာစုစုပေါင်း | ရွာ ၃၀ |
| | |

V.မြောင်းမြရွှေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

လက်ရှိတွင် မြောင်းမြ၌စုစုပေါင်းစာအုပ် ၅,၅၀၈ ကိုစာရင်းပြုစုထားရှိပြီးငှားရမ်းလည်ပတ်လျှက်ရှိပါသည်။

V.A အသင်းဝင်

မြောင်းမြ - (၃,၈၀၅) ဦး

၂၀၁၆ ခုနှစ် စက်တင်ဘာလနှင့်စာလျှင် အဖွဲ့ဝင် ၂%တိုးလာပါသည်။ ကျွန်ုပ်တို့သည် မြောင်းမြတွင် ရပ်ရွာ၏ ထောက်ပံ့ကူညီမှု အပြည့်အဝ ရရှိပါသည်။

V.B စာအုပ်ငှားရမ်းမှု

မြောင်းမြ - (၃,၂၆၆) ကြိမ်

၂၀၁၆ စက်တင်ဘာလနှင့်နှိုင်းစာပါကစာအုပ်ငှားရမ်းမှု ၂၁%လျော့ကျသွားပါသည်။ အောက်တိုဘာလအတွင်း ကျောင်းသား/သူများ စာမေးပွဲဖြေဆိုနေရခြင်းနှင့် သီတင်းကျွတ်ကျောင်းပိတ်ရက်များကြောင့် ရွေ့လျားစာကြည့်တိုက်များတွင် စာငှားအနည်းငယ် ကျဆင်းနေခြင်းဖြစ်ပါသည်။
လုပ်ငန်းစတင်သော ဖေဖော်ဝါရီ ၂၀၁၆ မှစပြီး (၁၀-လအတွင်း) စုစုပေါင်းစာအုပ် (၂၇,၀၄၂)ကိုလူထုကငှားရမ်းခဲ့ပါသည်။ ထို့ကြောင့် တစ်လပျမ်းမျှ စာအုပ်ငှားရမ်းမှုကြိမ်ရေ(၂,၇၀၄)ရှိပြီး ပျမ်းမျှအားဖြင့် စာအုပ်တစ်အုပ်လျှင် ၄.၉ ကြိမ်ငှားရမ်းမှုရှိပါသည်။

| *လက်ရှိကျေးရွာများ* MBL - မြောင်းမြ | |
|---|---|
| MBL - ဘတ်စ် | ၂၁ ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၁၀ ရွာ |
| ကျေးရွာစုစုပေါင်း | ၃၁ ရွာ |

၂၀၁၆ အောက်တိုဘာလကုန်မှစပြီး လက်ရှိအဖွဲ့ဝင်ဦးရေ၊ ငှားရမ်းလည်ပတ်မှုနှုန်းထားတို့ကိုပြသည့် အောက်ပါဇယားကွက်ကို ကျေးဇူးပြုပြီး ကြည့်ပါ။

## VI.အင်းစိန်ရွေ့လျားစာကြည့်တိုက် လုပ်ငန်းလည်ပတ်မှု

လက်ရှိတွင် အင်းစိန်၌စာအုပ် (၈,၄၉၂)အုပ်ကိုစာရင်းပြုစုထားရှိပြီးငှားရမ်းလည်ပတ်လျှက်ရှိပါသည်။

### VI.A အသင်းဝင်

အင်းစိန် - (၆,၂၈၃)ဦး
၂၀၁၆ စက်တင်ဘာလ နှင့်စာလျှင် အဖွဲ့ဝင် ၁၈%တိုးလာပါသည်။

### VI.B စာအုပ်ငှားရမ်းမှု

အင်းစိန် - (၁၃,၇၅၄)ဦး
၂၀၁၆ စက်တင်ဘာလ နှင့်နှိုင်းစာပါကစာအုပ်ငှားရမ်းမှုကြိမ်ရေ ၅၅%တိုးလာပါသည်။

| *လက်ရှိကျေးရွာများ*MBL - အင်းစိန် | |
|---|---|
| MBL - ဘတ်စ် | ၂၅ ရွာ |
| ထပ်ဆင့်ငှားဌာနခွဲ | ၁၀ ရွာ |
| ကျေးရွာစုစုပေါင်း | ၃၅ ရွာ |
| | |


MBL: Monthly Total Membership Status at Various Centres for Past One Year
Kaw Hmu
Nay Pyi Taw
Kalaw
Nat Mauk
Myaung Mya
Insein
20,000
18,000
16,000
14,000
12,000
10,000
8,000
6,000
4,000
2,000
-
Jan'15
Feb'15
Mar '15
Apr' 15
May' 15
June' 15
July' 15
Aug' 15
Sep' 15
Oct' 15
Nov' 15
Dec' 15
Jan' 16
Feb' 16
Mar' 16
April' 16
May' 16
June' 16
July' 16
Aug' 16
Sep' 16
Oct' 16


MBL: Monthy Total Circulation Status at Various Centres for Past One Year
Kaw Hmu
Nay Pyi Taw
Kalaw
Nat Mauk
Myaung Mya
Insein
25,000
20,000
15,000
10,000
5,000
-
Jan'15
Feb'15
Mar '15
Apr' 15
May' 15
June' 15
July' 15
Aug' 15
Sep' 15
Oct' 15
Nov' 15
Dec' 15
Jan' 16
Feb' 16
Mar' 16
April' 16
May' 16
June' 16
July' 16
Aug' 16
Sep' 16
Oct' 16


Accumulated Circulation Status at Various Centre
350,000
300,000
250,000
200,000
150,000
100,000
50,000
-
Kaw Hmu
Nay Pyi Taw
Kalaw
Nat Mauk
Myaung Mya
Insein


Average Monthly Circulation Status
12,000.00
10,000.00
8,000.00
6,000.00
4,000.00
2,000.00
-
6,428.41
9,740.32
3,528.43
3,408.60
2,641.78
2,966.33
Kaw Hmu
Nay Pyi Taw
Kalaw
Nat Mauk
Myaung Mya
Insein

## VI.	အခြားလုပ်ငန်းများ

### VIa.ကွန်ပျူတာသင်တန်းများ

အောက်ပါဇယားသည် အခြေခံအိုင်စီတီသင်တန်းကိုလက်ရှိတက်ရောက်နေသည့် သင်တန်းသားအရေအတွက်နှင့် သင်တန်းပြီးသွားသော သင်တန်းသားအရေအတွက်တို့ကိုဖော်ပြပါသည်။

ရွှေ့လျားစာကြည့်တိုက်များရှိကွန်ပျူတာသင်တန်းများ

| စဉ် | စာကြည့်တိုက် နာမည် | လက်ရှိအမှတ်စဉ် | စာရင်းသွင်းသင်တန်းသားအရေအတွက် | ပြီးခဲ့သောသင်တန်းအမှတ်စဉ်များ | သင်တန်းတက်ရောက်သူအရေအတွက် | သင်တန်းပြီးမြောက်သူအရေအတွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ကော့မှူး | အမှတ်စဉ် - ၁၆ | ၉၁၈ | အမှတ်စဉ် - ၁၅ | ၉၁၈ | ၆၅၅ | သင်တန်း အမှတ်စဉ် ၁၆ တက်ရောက်ဆဲ |
| ၂ | နေပြည်တော် | အမှတ်စဉ် - ၃ | ၆၅ | အမှတ်စဉ် - ၃ | ၆၅ | ၃၄ | |
| ၃ | ကလော | အမှတ်စဉ် - ၅ | ၁၅၀ | အမှတ်စဉ် - ၄ | ၁၅၀ | ၁၃၉ | |
| ၄ | နတ်မောက် | အမှတ်စဉ် - ၆ | ၁၂၄ | အမှတ်စဉ် - ၆ | ၁၂၄ | ၉၆ | သင်တန်း အမှတ်စဉ် ၇ တက်ရောက်ဆဲ |
| ၅ | မြောင်းမြ | အမှတ်စဉ် - ၃ | ၁၁၄ | အမှတ်စဉ် - ၂ | ၁၁၄ | ၆၁ | သင်တန်း အမှတ်စဉ် ၃ တက်ရောက်ဆဲ |
| ၆ | အင်းစိန် | အမှတ်စဉ် - ၁ | ၂၀ | အမှတ်စဉ် - ၁ | ၂၀ | | သင်တန်း အမှတ်စဉ် ၂ ကိုဒီဇင်ဘာလတွင်ဖွင့်လှစ်ပါမည်။ |
| | | | ၁၃၉၁ | | ၁၃၉၁ | ၁၀၀၅ | |

### VI b. အင်းစိန်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် ပူးပေါင်းဆောင်ရွက်ခြင်း

အသစ်ပြင်ဆင်ပြီးစီးသွားသောအင်းစိန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးတွင် အခြေခံကွန်ပျူတာသင်တန်းများ ကျင်းပခြင်း၊ အင်းစိန်မြို့နယ်စာရေးဆရာအသင်းမှကြီးမှူး၍ စာဖတ်ပိုင်းဆွေးနွေးပွဲများကို နှစ်ပတ်လျှင်တစ်ကြိမ် စနေနေ့ (၂) နာရီတွင် ပုံမှန်ကျင်းပခြင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲများကို စာသင်ကျောင်းများတွင် ဟောပြောခြင်း၊ ကလေးများအတွက် ပုံပြောပြိုင်ပွဲများ၊ အရုပ်ခေါက်ပြိုင်ပွဲများ၊ သီချင်းဆိုပြိုင်ပွဲများ ကိုကျင်းပပေးလျှက်ရှိပါသည်။

စာကြည့်တိုက်လုပ်ငန်းများ၊ လူမှုရေးလုပ်ငန်းများကို စိတ်ပါဝင်စားသူ (၁၃)ဦးကလည်း စေတနာဝန်ထမ်း အဖြစ်တစ်ပတ်လျှင်တစ်ရက် ရွှေ့လျားစာကြည့်တိုက်နှင့် လူထုအခြေပြုလုပ်ငန်းများတွင် ကူညီဆောင်ရွက်လျှက်ရှိသည့်အပြင် အင်းစိန်မြို့နယ်တွင်းရှိလူထုအကျိုးပြု အဖွဲ့ဝင်များ၊ စေတနာရှင်များ ပူးပေါင်း၍ ရပ်ရွာအကျိုးပြုလုပ်ငန်းများလုပ်ဆောင်လျှက်ရှိပါသည်။

နိဂုံးချုပ်ရပါကရွှေ့လျားစာကြည့်တိုက်စီမံကိန်းနှင့် လုပ်ငန်းလည်ပတ်ရာနေရာအားလုံးရှိယင်း၏အမျိုးမျိုးသော ပြဖွယ်ဆောင်တာများကို ချောချောမွေ့မွေ့ အောင်အောင်မြင်မြင် ဆောင်ရွက်လည်ပတ်နေပါသည်။

လေးစားစွာဖြင့်



ဒေါက်တာသန့်သော်ကောင်း
အမှုဆောင်ကော်မတီအဖွဲ့ဝင်
ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း